# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၂-၉-၂၀၁၆ ] ( သောကြာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **မြို့နယ်စာရင်းစစ်ရုံးများတွင် မြို့နယ် စာရင်းစစ်အရာရှိ အဆင့်ကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ **သံတွဲမြို့နယ်ရှိ သူဌေးရေအား လျှပ်စစ်စီမံကိန်းကို မည်သည့်ကာလတွင် ပြီးစီးအောင် ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **၂၀၁၇ ခုနှစ် နွေရာသီကာလ၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရန်နှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ရေးအတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်အတွင်းရှိ နမ့်ပန်းငါးချောင်းအား အသုံးပြု၍ အသေးစား ရေအားလျှပ်စစ် ထုတ်သော စက်ရုံအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသား စီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့များကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၏ **သာပေါင်းမြို့နယ် ကျွန်းလျားကြီး အုပ်စုနှင့် သစ်ဖြူအုပ်စု ဒေသခံများအပါအဝင် အများပြည်သူများ အတွက် လုံခြုံရေးအထောက်အကူပြု ရဲကင်းထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးအောင်နိုင်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **သပိတ်ကျင်း မြို့နယ်အတွင်းရှိ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာအား နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စကို ပြန်လည်စိစစ် ပေးရန်နှင့် သတ်မှတ်ရွာမြေကို မြေစာရင်းပုံစံ(၁၀၅)နှင့် တကွ ကျေးရွာပိုင်ဧရိယာ သတ်မှတ်ကျောက်တိုင်စိုက်ထူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် **“ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။